# မန္တလေးတိုင်းဒေသကြီးလွှတ်တော်

# မန္တလေးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၃ |
| ၃ | အခန်း(၂) ရည်ရွယ်ချက် | ၃ | - |
| ၄ | အခန်း(၃) ကော်မတီဖွဲ့စည်းခြင်း | ၄ | - |
| ၅ | အခန်း(၄) ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၄ | ၆ |
| ၆ | အခန်း(၅) ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၆ | ၇ |
| ၇ | အခန်း(၆) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခြင်း | ၇ | ၉ |
| ၈ | အခန်း(၇) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်၊ လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း | ၉ | ၁၀ |
| ၉ | အခန်း(၈) လုပ်ငန်းခွင့်ပြုမိန့် သက်တမ်း၊ လုပ်ငန်းခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့်သက်တမ်းတိုးမြှင့်ခ သတ်မှတ်ခြင်း | ၁၀ | - |
| ၁၀ | အခန်း(၉) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင် လုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူက လိုက်နာရမည့် တာဝန်များ | ၁၁ | ၁၂ |
| ၁၁ | အခန်း(၁၀) စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း | ၁၂ | ၁၄ |
| ၁၂ | အခန်း(၁၁) တားမြစ်ချက်များ | ၁၄ | ၁၅ |
| ၁၃ | အခန်း(၁၂) ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၁၅ | - |
| ၁၄ | အခန်း(၁၃) အထွေထွေ | ၁၅ | ၁၇ |

# မန္တလေးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေ

(၂၀၁၅ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၇။)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

(၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

## နိဒါန်း

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်ဆိုင်ရာ ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းသော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီကို ဆိုသည်။

(စ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန အကြီးအမှူးကို ဆိုသည်။

(ဆ) **ဦးစီးဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနကို ဆိုသည်။

(ဇ) **သစ်တောအရာရှိ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်သစ်တော ဦးစီးဌာန အကြီးအကဲကို ဆိုသည်။

(ဈ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ ဝန်ထမ်းများကို ဆိုသည်။

(ည) **အပန်းဖြေစခန်းများ** ဆိုသည်မှာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ အများပြည်သူတို့ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရန် အရိပ်ရအပင်များ၊ နှစ်ရှည်စားသုံးသီးပင်များ၊ နားနေဆောင်များ၊ အားကစားကွင်းများ၊ ရှုခင်းနေရာများ၊ ရေကူးကန်များ၊ ပန်းဥယျာဉ်များနှင့် လှပစွာစိုက်ပျိုးတည်ထောင်ထားသော နေရာများကို ဆိုသည်။

(ဋ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်။

(ဌ) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသောအပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့်ဥယျာဉ်ကို ဆိုသည်။

(ဍ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသများအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားသော တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများ၊ ရေနေသတ္တဝါများနှင့် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥနှင့် ပိုးလောင်းများကို ဆိုသည်။

(ဎ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှို၊ ရေအောက်ရှိအပင်နှင့် ယင်းတို့၏ မျိုးစေ့များကို ဆိုသည်။

(ဏ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်းပေါက်ဖွားကျက်စားရာနယ်မြေနှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာနယ်မြေတို့ကို ဆိုသည်။

(တ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတော နှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောကို ဆိုသည်။

(ထ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ကော်မတီက ဖွဲ့စည်းသော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် စီမံခန့်ခွဲမှုဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်။

(ဒ) **လုပ်ငန်းခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေနှင့်အညီ တည်ထောင်လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်၊ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ကော်မတီက လုပ်ငန်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ရန်၊

(ခ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့် သဘာဝရေမြေတောတောင် တိရစ္ဆာန်များကို ချစ်မြတ်နိုးပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(င) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိစေရန်အတွက် အသိပညာပေးစည်းရုံးလှုံ့ဆော်မှုများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(ဇ) ပြည်သူလူထု စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသောကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ကော်မတီ၏ သက်တမ်းကိုလည်း သတ်မှတ်နိုင်သည်။

(ဂ) ကော်မတီကို အဖွဲ့ဝင်ဦးရေ အနည်းဆုံး ငါးဦး၊ အများဆုံး ကိုးဦးထက်မပိုဘဲ ဖွဲ့စည်းရမည်။

## အခန်း (၄)
## ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) အစိုးရက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဂ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်း ဆောင်ရွက်ခြင်း၊

(င) သဘာဝသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

(ဆ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် နယ်မြေအား အစိုးရအဖွဲ့၏ သဘောတူညီခွင့်ပြုချက်ဖြင့် လျာထားသတ်မှတ်ခြင်း၊ ကန့်ကွက်မှုများရှိပါက စုံစမ်းစစ်ဆေးတင်ပြဆောင်ရွက်ခြင်း၊

(ဇ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များအား ကြီးကြပ်နိုင်ရေးနှင့် ယင်းလုပ်ငန်းများ တည်ထောင်သည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုအခြေအနေကို စုံစမ်းစစ်ဆေး တင်ပြနိုင်ရေးအတွက် မြို့နယ်ကြီးကြပ်ရေးအဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

(ဈ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်သည့် နယ်မြေရှိအများပြည်သူတို့၏အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် ထိုက်သင့်သည့် လျော်ကြေး၊ နစ်နာကြေးနှင့် ရသင့်ရထိုက်သော အခွင့်အရေးများရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ည) တည်ထောင်သည့်လုပ်ငန်းများ၏ စံချိန်စံညွှန်းများ သတ်မှတ်ပေးခြင်းနှင့် သတ်မှတ်ထားသည့်လုပ်ငန်း စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိ/မရှိ စစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ကာ ကြီးကြပ်စစ်ဆေးစေခြင်း၊

(ဋ) ကော်မတီသည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

(ဌ) လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များနှင့် စပ်လျဉ်း၍ သုတေသနပြုခြင်း၊ လက်ဝယ်ထားခြင်းနှင့် စပ်လျဉ်းပြီး တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်စေခြင်း၊

(ဍ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများနှင့် လှုပ်ရှားမှုများအား ဆောင်ရွက်ခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လိုကြောင်း လျှောက်ထားလာခြင်းအပေါ် စည်းကမ်းချက်များသတ်မှတ်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းတည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊

(ဂ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ရရှိသူသည် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/ မရှိ စစ်ဆေးရန် မြို့နယ်ကြီးကြပ်ရေးအဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

(ဃ) တည်ထောင်လိုသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြလာသည့် လျှောက်ထားချက်များအပေါ် လိုအပ်သည့်အထောက်အထားများကိုဖြစ်စေ၊ အချက်အလက်များကို ဖြစ်စေ တင်ပြရန်တောင်းခံခြင်း၊

(င) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဉယျာဉ်နှင့် ရုက္ခဗေဒဉယျာဉ် တည်ထောင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ရရှိသူသည် ဤဥပဒေပါ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း။

(စ) ကော်မတီသည်လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်သူသုတေသီများ၊ ပညာရှင်များအား ဖိတ်ကြား၍ အကြံဉာဏ်များရယူနိုင်သည်။

## အခန်း(၅)

## ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ကော်မတီသည်-

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သောမြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ကြီးကြပ်ရေးအဖွဲ့၏သက်တမ်းကိုလည်း သတ်မှတ်နိုင်သည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့ကို အဖွဲ့ဝင်ဦးရေ အနည်းဆုံး ငါးဦး၊ အများဆုံး ကိုးဦးထက်မပိုဘဲ ဖွဲ့စည်းရမည်။

၈။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စစ်ဆေးရေးကိစ္စရပ်များအတွက်လိုအပ်သော သက်သေခံအထောက်အထား၊ စာရွက်စာတမ်း၊ ငွေရေးကြေးရေး အထောက်အထားများနှင့် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြချက်များအား တောင်းယူစစ်ဆေးခြင်း၊ လိုအပ်သောပုဂ္ဂိုလ်များအား ခေါ်ယူမေးမြန်းခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက အရေးယူဆောင်ရွက်မှုပြုနိုင်ရန် ကော်မတီ

ထံ တင်ပြခြင်း၊

(ဂ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများနှင့် ဤဥပဒေအရ လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်နိုင်ရန် ကော်မတီသို့တင်ပြခြင်း၊

(ဃ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်ထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို ကော်မတီသို့ တင်ပြခြင်း၊

(င) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းခွင့်ပြုမိန့်ရရှိသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိ စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်အား ကော်မတီသို့ တင်ပြခြင်း၊

(စ) တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် အတွင်း သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်အား ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကြီးကြပ်ခြင်း၊

(ဆ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်သို့ ဘေးအန္တရာယ်များ မကျရောက်စေရေးနှင့် ပတ်ဝန်းကျင်ထိခိုက်နှောင့်ယှက်မှုများ မရှိစေရေးတို့အတွက် ဆောင်ရွက်ထားရှိခြင်းများကို ကြီးကြပ်ခြင်း။

## အခန်း (၆)

## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခြင်း

၉။ ကော်မတီသည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်ရန်ခွင့်ပြုနိုင်သည်၊

(ခ) အစိုးရအဖွဲ့များမှလည်းကောင်း၊ အစိုးရအဖွဲ့နှင့် ဖက်စပ်ဆောင်ရွက်သည့် ကုမ္ပဏီအဖွဲ့များမှလည်းကောင်း၊ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေတွင် ပုဒ်မခွဲ(က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် လျှောက်ထားလာပါက သက်ဆိုင်ရာဌာန အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းစီမံ ဆောင်ရွက်ပေးရမည်၊

(ဂ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ (က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန်ရည်ရွယ်ကြောင်း ကြိုတင်ကြေညာရမည်၊

(ဃ) ပုဒ်မခွဲ (က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ပဏာမစိစစ်ရေး အဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၁၀။ ကော်မတီသည် တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အများပြည်သူ၏ အကျိုးငှာ လိုအပ်ပါက ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၁။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တိုင်းဒေသကြီး အကျိုးစီးပွားအလို့ငှာ အစိုးရအဖွဲ့နှင့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့် စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) ပုဂ္ဂလိကပိုင်အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင် လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

၁၂။ ညွှန်ကြားရေးမှူးသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် သင့်လျော်သောအခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ကော်မတီ၏ သဘောတူညီချက်ဖြင့် စိစစ်ဆောင်ရွက်ရမည်။

၁၃။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏ သဘောတူညီချက်ဖြင့်-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း သိပ္ပံဆိုင်ရာ သုတေ

သန ပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်းသို့ ပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများ မရှိစေရန် လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် သော်လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များနှင့်သော်လည်းကောင်း အလဲအလှယ် ပြုလုပ်နိုင်ရေးအတွက် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၄။ ညွှန်ကြားရေးမှူးသည် တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာ အပန်းဖြေသူများလိုက်နာရမည့် စည်းကမ်းချက်များကို ကော်မတီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပြီး အများပြည်သူသိရှိရန် ကြေညာထားရမည်။

## အခန်း (၇)

## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်၊ လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း

၁၅။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်လိုသူနှင့် လုပ်ငန်းလုပ်ကိုင်လိုသူများသည် ခွင့်ပြုမိန့်ရရှိရန် ကော်မတီထံ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၁၆။ ကော်မတီသည်-

(က) ပုဒ်မ-၁၈ အရ လျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့်လုပ်ငန်း လိုအပ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ခွင့်ပြုမိန့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်၊

(ဂ) ခွင့်ပြုမိန့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့်၊ ရုပ်သိမ်းခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၇။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းပြုသည့်အခါ သတ်မှတ်ထားသည့် အခွန်အခများကို ပေးသွင်းစေပြီး ခွင့်ပြုမိန့် ထုတ်ပေးရမည်။

၁၈။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်ခွင့် ပြုရာတွင် လိုအပ်သည့် အနည်းဆုံး မြေဧရိယာအကျယ်အဝန်းနှင့် လုပ်ငန်းပမာဏအလိုက် သင့်လျော်သည့် မြေဧရိယာ အကျယ်အဝန်းကို သတ်မှတ်ခွင့်ပြုနိုင်သည်။

၁၉။ ကော်မတီသည် ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုသည့် သက်တမ်းကုန်ဆုံးပြီးနောက် သက်တမ်းတိုး ရန် လျှောက်ထားလာခြင်းအပေါ် စိစစ်၍ ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

၂၀။ ကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ရန် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာသည့် လုပ်ငန်းများကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံတင်ပြ၍ သဘောတူခွင့်ပြုချက်ရယူပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

## အခန်း (၈)

## လုပ်ငန်းခွင့်ပြုမိန့် သက်တမ်း၊ လုပ်ငန်းခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်းတိုးမြှင့်ခ သတ်မှတ်ခြင်း

၂၁။ လုပ်ငန်းခွင့်ပြုမိန့် သက်တမ်း၊ လုပ်ငန်းခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်း တိုးမြှင့်ခတို့သည် ကော်မတီက သတ်မှတ်သည့်အတိုင်းဖြစ်သည်။ ရက်လွန်ကြေးကောက်ခံရာတွင် လ၏ အစိတ်အပိုင်းကို (၁)လဟု သတ်မှတ်ရမည်။

၂၂။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင့်ပြုမိန့်ရရှိပြီးမှသာလျှင် လုပ်ငန်းကို စတင်လုပ်ကိုင်ခွင့်ရှိသည်။

၂၃။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းခွင့်ပြုမိန့်သက်တမ်း၊ လုပ်ငန်း ခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်းတိုးမြှင့်ခများကို သတ်မှတ်ကောက်ခံနိုင်သည်။

၂၄။ အစိုးရအဖွဲ့သည် လုပ်ငန်းခွင့်ပြုမိန့်သက်တမ်း၊ လုပ်ငန်းခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေး နှင့် သက်တမ်းတိုးမြှင့်ခများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

# အခန်း(၉)

## အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင် လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူက လိုက်နာရမည့်တာဝန်များ

၂၅။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည်-

(က) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ ဥပဒေအရ ထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) အခါအားလျော်စွာ ကော်မတီကသတ်မှတ်သည့်စည်းကမ်းများကို လိုက်နာရမည်။

(ဂ) ခွင့်ပြုထားသည့်လုပ်ငန်းအမျိုးအစားနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းကိုသာ လုပ်ကိုင်ရမည်၊

(ဃ) လုပ်ကိုင်ခွင့်ရသည့်လုပ်ငန်းကို စတင်ခွင့်ပြုသည့်နေ့မှစ၍ ကုန်လွန်သွားသည့်အချိန်အတွက်သတ်မှတ်သည့်ကာလအားကော်မတီက ပြန်လည်သတ်မှတ်ပေးသည့်အတိုင်း လက်ခံဆောင်ရွက်ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ကာလအား ကော်မတီက ပြန်လည်ပြင်ဆင် သတ်မှတ်ပေးသည့်အတိုင်း လက်ခံဆောင်ရွက်ရမည်၊

(င) ခွင့်ပြုထားသည့်လုပ်ငန်းကို လုပ်ငန်းခွင့်ပြုမိန့်ပါ သက်တမ်းကာလအတွင်း ထိုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ကော်မတီ၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်၊

(စ) ခွင့်ပြုမိန့်ရရှိထားသည့်လုပ်ငန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သို့ပေးဆောင်ရန်ရှိသည့် အခွန်အခများကို အပြေအကျေ ပေးဆောင်ရမည်၊

(ဆ) တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုထားသောလုပ်ငန်းများမှအပ အခြားလုပ်ငန်းများပြောင်းလဲလုပ်ကိုင်ခြင်း၊ မြေပေါ်မြေအောက် အခြားသယံဇာတပစ္စည်းများ ထုတ်ယူခြင်း မပြုရ၊

(ဇ) တည်ထောင်လုပ်ကိုင်သည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန် ဆောင်ရွက်ရမည်၊

(ဈ) ခွင့်ပြုမိန့်ရရှိထားသည့်မြေကို ကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အသုံးပြုရမည်၊

(ည) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို လက်ဝယ်ထားခြင်း၊ ဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ သယ်ဆောင်ခြင်း၊ လဲလှယ်ခြင်း၊ ထုတ်ယူခြင်းများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(ဋ) လုပ်ငန်းခွင့်ပြုမိန့် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်စုံတစ်ရာကြောင့် ဆက်လက်၍ လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိခဲ့လျှင် ယင်း၏တရားဝင်ဆက်ခံခွင့်ရှိသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ကော်မတီထံလျှောက်ထားရမည်၊

(ဌ) အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မ-၁၂ ပုဒ်မခွဲ(က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လျှောက်ထားသူသည် ခွင့်ပြုမိန့်မရမီ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် မြေနေရာအတည်ပြုချက်ရရှိရေး ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း(၁၀)

## စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၂၆။ ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်သည့် လုပ်ငန်းခွင့်ပြုမိန့်ရရှိသူကို အောက်ပါအရေးယူမှု တစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အရေးယူမှုများဖြင့်ဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသောဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

၂၇။ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)ပါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပေးဆောင်ခြင်းမရှိပါက ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၈။ ကော်မတီသည် တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ်တစ်သောင်းအထိ ပေးဆောင်ရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်-

(က) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့် ပြုထားသောနေရာသို့ သတ်မှတ်သည့်

စည်းကမ်းနှင့် မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့် ပြုထားသောနေရာမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကိုစားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း၊

(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသော အပင်တစ်မျိုးမျိုးကို ခွင့်ပြုချက်မရရှိဘဲ ခူးဆွတ်ခြင်း သို့မဟုတ် ချိုးဖဲ့ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း။

၂၉။ ကော်မတီသည် တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ်ငါးသောင်းအထိ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်-

(က) ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင် သို့မဟုတ် ဗီဒီယို ရိုက်ကူးခြင်း၊

(ခ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဂ) စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တနည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃၀။ ကော်မတီသည်-

(က) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သည့်အခါ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်မှ ခွင့်ပြုချက်မရရှိဘဲ ထုတ်ယူသည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်၊

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောပစ္စည်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

၃၁။ ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၃၂။ ကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၃၃။ (က) အစိုးရအဖွဲ့သည် ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း (၁၁)

## တားမြစ်ချက်များ

၃၄။ မည်သူမျှ-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို ခွင့်ပြုချက်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်းမပြုရ၊

၃၅။ မည်သူမျှ-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ် အမှတ်အသားတစ်ခုခုကို ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန် ပြုလုပ်ခြင်းမပြုရ၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခပ်ခြင်းမပြုရ၊

(ဂ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အဆိပ်အတောက်ဖြစ်စေသောပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ၊ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်းမပြုရ၊

၃၆။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပျော်ရွှင်ဖွယ်ကစားကွင်းများ၊ အားကစားရုံများ၊ အားကစားခန်းမများ၊ ရေကူးကန်များ၊ အားကစားနည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း မပြုရ၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း ပြပွဲပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများ ကျင်းပခြင်းမပြုရ၊

(ဂ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အပင်များစိုက်ပျိုးခြင်း၊ စီးပွားရေးအလို့ငှာ ပျိုးခြံများတည်ထောင်ခြင်း၊ ပျိုးပင်အရောင်းဆိုင် ဖွင့်လှစ်ခြင်း၊ စျေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခြင်းမပြုရ၊

၃၇။ ဤဥပဒေအရ ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်များကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

## အခန်း (၁၂)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၈။ မည်သူမဆို ပုဒ်မ ၃၄ နှင့် ၃၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၆ နှင့် ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်နှစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၁၃)

## အထွေထွေ

၄၀။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင်-

(က) ပြစ်မှုကျူးလွန်သူကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ဂ) ပြစ်မှုနှင့် သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

၄၁။ ဦးစီးဌာနသည် ဤဥပဒေအခန်း(၁၂)အရ ပြစ်မှုများကို တရားလိုပြုလုပ် တရားစွဲဆိုရမည်။

၄၂။ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို တရားစွဲဆိုရာတွင် ကော်မတီ၏ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၄၃။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်သေခံပစ္စည်းသည် တရားရုံးသို့ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ၊ မှတ်တမ်းဓာတ်ပုံများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၅။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူသည် တရားရုံးက ပြစ်ဒဏ်ချမှတ်ပြီး ဆက်လက်ကျူးလွန်ပါက ဦးစီးဌာနသည်၎င်းအား ထပ်မံ၍ တရားစွဲဆိုနိုင်သည်။

၄၆။ ဤဥပဒေမပြဋ္ဌာန်းမီ တည်ထောင်ထားသော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တို့သည် ဤဥပဒေနှင့် အကျုံးဝင်စေရမည်။

၄၇။ ဤဥပဒေသည်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များပိုင် ပန်းဥယျာဉ်၊ ရှုခင်းနေရာ၊ ပန်းခြံ၊ အားကစားကွင်းများနှင့် အကျုံးဝင်သက်ဆိုင်ခြင်း မရှိစေရ။

၄၈။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကော်မတီနှင့် ဦးစီးဌာနက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သောအကူအညီများ ပေးရမည်။

၄၉။ ကော်မတီသည် အစိုးရနှင့် ဌာနဆိုင်ရာများ တည်ထောင်လုပ်ကိုင်သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်များနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်လျှောက်ထားခြင်း သို့မဟုတ် ခွင့်ပြုခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၅၀။ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) ပါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ကောက်ခံနိုင်ရန် ဝန်ကြီးဌာနသည် သင့်လျော်သော အရာရှိတစ်ဦးဦးကို ကော်လိပ်တော်အရာရှိအဖြစ်ခန့်အပ် တာဝန်ပေးနိုင်သည်။

၅၁။ ကော်မတီသည် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူက လုပ်ငန်းဆိုင်ရာ နည်းပညာ၊ အတတ်ပညာရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေရရှိလိုလျှင်သော်လည်းကောင်း၊ ပံ့ပိုးပစ္စည်းနှင့် ဝန်ဆောင်မှု အကူအညီရရှိလိုလျှင်သော်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းကူညီပေးနိုင်သည်။

၅၂။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင် သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ် ယင်းတို့အား ရာဇသတ်ကြီးပုဒ်မ ၂၁ တွင်

ဖော်ပြထားသည့် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၃။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီအဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ ကြီးကြပ်ရေးအဖွဲ့ဝင် တစ်ဦးဦးကိုသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်း မရှိစေရ။

၅၄။ ဝန်ကြီးဌာနသည် ကော်မတီနှင့် ကြီးကြပ်ရေးအဖွဲ့များ၏ -

(က) ရုံးလုပ်ငန်းများကိုတာဝန်ယူဆောင်ရွက်ရမည်၊

(ခ) ကုန်ကျစရိတ်များကို ကျခံစေရမည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ကော်မတီသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ရဲမြင့်**

**ဝန်ကြီးချုပ်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**